# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

## နေ့စဉ်ဈေးကွက်သတင်းလွှာ

June 18 , 2026 Volume 103 , Number 14


**၁၈.၆.၂၀၂၆**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၁၅.၇၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၂၉.၉၉ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၇၈၈.၅၉ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၇၅.၇၈ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၁၀.၅၆ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၂.၂၈ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၃၇.၁၅ ကျပ် |
| မလေးရှားရင်းဂစ် | = ၅၁၁.၄၅ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၄.၁၆ ကျပ် |

## ၁၀ ကြိမ်မြောက် တရုတ်နိုင်ငံနှင့် တောင်အာရှနိုင်ငံများ၏ ကုန်စည်ပြပွဲတွင် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ပါဝင်ပြသ




၁၀ ကြိမ်မြောက် တရုတ်နိုင်ငံနှင့် တောင်အာရှနိုင်ငံများ၏ ကုန်စည်ပြပွဲတွင် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ မြန်မာ့ဆန်စပါးကဏ္ဍ ကိုယ်စားပြုပြခန်းကို Shwe Wah Yaung Agriculture Production Co., Ltd, Good Brothers' Co., Ltd တို့နှင့် ပူးပေါင်း၍ တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်၊ ကူမင်းမြို့တွင် ဇွန် ၁၁ရက်မှ ၁၆ ရက် အထိ ကျင်းပရာတွင် ပါဝင်ပြသခဲ့ကြောင်းသိရသည်။

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အနေဖြင့် တရုတ်နိုင်ငံနှင့် တောင်အာရှနိုင်ငံများနှင့် ပိုမိုကျယ်ပြန့် နက်ရှိုင်းစွာပူးပေါင်းဆောင်ရွက်နိုင်ရေး၊အထူးသဖြင့် ဆန်စပါးမျိုးစေ့ ထုတ်လုပ်ငန်းများ၊ဆန်စက်လုပ်ငန်းများ၊ စက်မှုလယ်ယာဝန်ဆောင်မှုလုပ်ငန်းများ၊ အခြောက်ခံမှုနှင့် သိုလှောင်မှု လုပ်ငန်းများ၊ မြန်မာ့ပေါ်ဆန်းနှင့် တန်းမြင့်ဆန်များ တင်ပို့ ရောင်းချရေး လုပ်ငန်းများ၊ ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာ ထုတ်လုပ်ရေး လုပ်ငန်းများ၊ ဈေးကွက် အလားအလာနှင့် ခေတ်မီ နည်းပညာ နယ်ပယ်များတွင် ပုဂ္ဂလိကလုပ်ငန်းများ အချင်းချင်း ပူးပေါင်းဆောင်ရွက်နိုင်ရေး လုပ်ငန်းများကို ဆွေးနွေးညှိနှိုင်း ဆောင်ရွက်နိုင်ခဲ့သည်။

တရုတ်နိုင်ငံနှင့် တောင်အာရှနိုင်ငံများအား မြန်မာ့ဆန်စပါးလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံ၍ ရေရှည်ပူးပေါင်း ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများအပေါ် ဆွေးနွေးခြင်း၊ အမြင်ချင်းဖလှယ်ခြင်းတို့ လုပ်ဆောင်ခဲ့ကြောင်း MRF က ထုတ်ပြန်ထားသည်။


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

ကုန်စည်ပြပွဲ ဖွင့်ပွဲအပြီးတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမင်းမင်း၊ ကုန်သည်စက်မှုအသင်းချုပ် UMFCCI ဥက္ကဋ္ဌ ဦးအေးဝင်း တို့ ဦးဆောင်သော ဧည့်သည်များ လာရောက်ကြည့်ရှုအားပေးရာ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌ ဦးရဲမင်းအောင်နှင့် ပြခန်း တာဝန်ခံများက ရှင်းလင်းတင်ပြခဲ့ကြသည်။

အဆိုပါ ကူမင်းကုန်စည်ပြပွဲသို့ MRF အသင်းချုပ်မှဥက္ကဋ္ဌ ဦးဆောင်၍ တွဲဖက်အတွင်းရေးမှူး ဦးနေလင်းဇင်နှင့်အဖွဲ့ဝင် ၁၆ ဦး ပါဝင်တက်ရောက်ခဲ့ကြောင်း သိရသည်။

**Source : မကွေးဂျာနယ်**

## ၂ လအတွင်း FDI ပမာဏ ကန်ဒေါ်လာ ၄၇ သန်းကျော် ဝင်ရောက်




အခု ၂၀၂၆ -၂၀၂၇ ဘဏ္ဍာနှစ် အစောပိုင်းလတွေဖြစ်တဲ့ ဧပြီလနဲ့ မေလထဲမှာ ပြည်တွင်းမှာ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၄၇ ဒသမ ၆၀၅ သန်းဝင်ရောက်ထားတယ်လို့ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနရဲ့ အချက်အလက်တွေအရ သိရပါတယ်။

ရေနံနဲ့သဘာဝဓာတ်ငွေ့ကဏ္ဍမှာ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ် တစ်ခုဝင်ရောက်ခဲ့ပြီး ကုန်ထုတ်လုပ်မှုကဏ္ဍမှာ ရင်းနှီးမြှုပ်နှံမှုပမာဏ တိုးမြင့်ခဲ့တာပါ။

ရေနံနဲ့သဘာဝဓာတ်ငွေ့ကဏ္ဍရင်းနှီးမြှုပ်နှံတန်ဖိုးက အမေရိကန်ဒေါ်လာ ၂၇ သန်းကျော်ရှိပြီး ရင်းနှီးမြှုပ်နှံမှု တိုးမြင့်ပမာဏက အမေရိကန်ဒေါ်လာ သန်း ၂၀ ကျော်ရှိခဲ့တာဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံထားတဲ့ နိုင်ငံ/ဒေသပေါင်း ၅၃ နိုင်ငံရှိတဲ့အနက် ရင်းနှီးမြှုပ်နှံမှုအများဆုံးပြုလုပ်တဲ့ နိုင်ငံက စင်ကာပူ၊ တရုတ်နဲ့ ထိုင်းနိုင်ငံတို့ ဖြစ်တယ်လို့ သိရပါတယ်။

မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုတွေ ပိုမိုလွယ်ကူချောမွေ့စေဖို့နဲ့ ရင်းနှီးမြှုပ်နှံသူတွေရဲ့ လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးနိုင်ဖို့အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေကို အမေရိကန်ဒေါ်လာသာမက တရုတ်ယွမ်ငွေကြေးနဲ့ပါ လက်ခံဆောင်ရွက်နေပြီ ဖြစ်ပါတယ်။

**Source :** https://onenewstvchannel.com/

## မြန်မာစီးပွားရေးလုပ်ငန်းရှင် ၁၃၀ ကျော် တရုတ်သို့စတင်ထွက်ခွာ




တရုတ်ပြည်သူ့သမ္မတနိုင်ငံရှန်ဟိုင်းမြို့မှာကျင်းပပြုလုပ်မဲ့ မြန်မာ – တရုတ်ရင်းနှီးမြှုပ်နှံမှုနှင့်ကုန်သွယ်မှုဆွေးနွေးပွဲနဲ့ ရင်းနှီးမြှုပ်နှံမှုဖိတ်ခေါ်ပွဲကို တက်ရောက်ဖို့ မြန်မာစီးပွားရေးလုပ်ငန်းရှင်အဖွဲ့ဟာ ဇွန်လ ၁၆ ရက် ညပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ကနေ ထွက်ခွာသွားပြီဖြစ်ပါတယ်။

မြန်မာ- တရုတ် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုမြှင့်တင်ရေးအသင်း (MCITP) ဦးဆောင်မှုနဲ့ မြန်မာစီးပွားရေး လုပ်ငန်းရှင် ၁၃၄ ယောက်ပါဝင်တဲ့အဖွဲ့ဟာ ဇွန်လ ၁၆ ရက် ညပိုင်းမှာ ရှန်ဟိုင်းမြို့ကို ထွက်ခွာသွားကြတာပါ။

နှစ်နိုင်ငံအကြား ကုန်သွယ်မှုနဲ့ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပွဲတွေ၊ ပြပွဲတွေကို တက်ရောက်ဖို့ သွားကြမှာ ဖြစ်တယ်လို့ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်က ပြောပါတယ်။

မြန်မာ -တရုတ်ရင်းနှီးမြှုပ်နှံမှုနှင့်ကုန်သွယ်မှုဆွေးနွေးပွဲနဲ့ရင်းနှီးမြှုပ်နှံမှုဖိတ်ခေါ်ပွဲကနေ စီးပွားရေးအခွင့်အလမ်းတွေ၊ ရင်းနှီးမြှုပ်နှံမှုနဲ့ကုန်သွယ်မှုအခွင့်အလမ်းတွေ မြန်မာနိုင်ငံကိုပြန်လည်ဆောင်ကြဉ်းလာနိုင်မယ်လို့မျှော်လင့်ထားတယ်လို့ မြန်မာစီးပွားရေးလုပ်ငန်းရှင်တချို့က ပြောကြပါတယ်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ ရှီကျင့်ဖျင်ရဲ့ ဖိတ်ကြားချက်အရ တရုတ်နိုင်ငံကို နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်အဖြစ် နိုင်ငံတော်သမ္မတကြီး ဦးမင်းအောင်လှိုင် ဦးဆောင်တဲ့ မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ဟာ ဇွန်လ ၁၅ ရက်က တရုတ်နိုင်ငံ၊ ပေကျင်းမြို့ကို ရောက်ရှိနေပါတယ်။

**Source :** https://onenewstvchannel.com/

## ပြည်ပပို့ကုန် ဆန်စပါးစိုက်ပျိုးရေးဇုန် (REZ) စီမံကိန်းတွင်ပူးပေါင်းဆောင်ရွက်နိုင်ရန် MRF မှဖိတ်ခေါ်ထား



ပြည်ပပို့ကုန် ဆန်စပါးစိုက်ပျိုးရေးဇုန် (REZ) စီမံကိန်းတွင်ပူးပေါင်းဆောင်ရွက်နိုင်ပါရန် တစ်ကွင်းတစ်စပ်တည်း ဧက ၃၀၀ ကို သတ်မှတ်မျိုးကွဲ ၃ မျိုးထက် မပိုစေဘဲ စိုက်ပျိုးထုတ်လုပ်မှုဆောင်ရွက်နိုင်သည့် ကုမ္ပဏီ၊ သမဝါယမအသင်းအဖွဲ့များကို MRF မှဖိတ်ခေါ်ထားကြောင်း သိရသည်။

စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် (MRF) တို့၏ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အရ ပြည်ပပို့ကုန်ဆန်စပါးစိုက်ပျိုးရေးဇုန် (Rice Export Zone-REZ) စီမံကိန်းကို ဆန်စပါးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသည့် Export Value Chain ဖွံ့ဖြိုးရေးအတွက်လည်းကောင်း ဆန်စပါးကဏ္ဍ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်ချက်ဖြစ်သော ထုတ်လုပ်မှုတိုးတက်ရေးအတွက်လည်းကောင်း ရည်ရွယ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါစီမံကိန်းကို နိုင်ငံတော်မှ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ထောက်ပံ့ကူညီမှု၊ ပို့ကုန်လုပ်ငန်းရှင်များ၏ စိုက်ပျိုးစရိတ်ချေးငွေစီစဉ်ပေးမှုတို့ဖြင့် တောင်သူလယ်သမားများ၏ စိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး၊ ဝင်ငွေတိုးတက်ရေး၊ ကျေးလက်လူနေမှုဘဝမြှင့်တင်ရေးနှင့်ပြည်ပပို့ကုန်များအရည်အသွေးနှင့်အရေအတွက်တိုးတက်စေရေးတို့ကိုဆောင်ရွက်မည်ဖြစ်သည်။

ထိုသို့ဆောင်ရွက်နိုင်ရန် စီမံကိန်းတွင် ပြည်ပပို့ကုန်ကုမ္ပဏီများ၊ တစ်ကွင်းတစ်စပ်တည်း ဧက ၃၀၀ ကို သတ်မှတ် မျိုးကွဲ ၃ မျိုးထက် မပိုစေဘဲ စိုက်ပျိုးထုတ်လုပ်မှုဆောင်ရွက်နိုင်သည့် လယ်ယာကုန်ထုတ်သမဝါယမအသင်းများ၊ ကန်ထရိုက်လယ်ယာဆောင်ရွက်နေသည့် ကုမ္ပဏီများတောင်သူလယ်သမားအစုအဖွဲ့များ၊ ဆန်စက်လုပ်ငန်းရှင်များနှင့် စိတ်ပါဝင်စားပြီး ပူးပေါင်းဆောင်ရွက်လိုသည့် ဆန်စပါးလုပ်ငန်းဆောင်ရွက်ရသည့် MSME များမှ အချိန်မီဆက်သွယ် ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်ရန် ဖိတ်ခေါ်ထားကြောင်း သိရသည်။

Rice Export Zone ဆိုင်ရာအသိပညာပေးစာရွက်များအား ပူးတွဲထုတ်ပြန်ထားပြီး စိတ်ဝင်စားသူများအနေဖြင့် ၂၀၂၆ ခုနှစ်မိုးစပါးရာသီတွင်အချိန်မီဆောင်ရွက်နိုင်ရန်အတွက် ဇွန်လကုန်နောက်ဆုံးထားပြီး ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ရန် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က ဖိတ်ခေါ်ထားကြောင်း သိရသည်။

**Source :မကွေးဂျာနယ်**

## မုံရွာမြို့နယ်တွင် ရွှေဖရုံသီးစိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်ရရှိနေ



စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်၊ ညောင်ဖြူပင်၊ သစ်စိမ့်၊ ထနောင်းတောကျေးရွာများတွင် နှမ်းနှင့် ပဲမျိုးစုံ သီးနှံများကို အဓိက စိုက်ပျိုးကြပြီး စားဖိုဆောင်သီးနှံများကိုလည်း တစ်နိုင်တစ်ပိုင် စိုက်ပျိုးလျက်ရှိရာ ညောင်ဖြူပင်ကျေးရွာတွင် ရွှေဖရုံသီး စိုက်ဧက ၅ ဧကခန့် စိုက်ပျိုးထားရှိကြောင်း သိရသည်။

ရွှေဖရုံသီးကို ဇူလိုင်လတွင် စတင်စိုက်ပျိုး၍ အောက်တိုဘာလတွင် အသီးရင့်မှည့်ကာ ခူးဆွတ်နိုင်ကြောင်း၊ မျိုးအနေဖြင့် အလုံးပြား ရွှေဖရုံသီးမျိုးကို စိုက်ပျိုးကြပြီး တစ်ဧကလျှင် မျိုးစေ့ ၁၀၀ ဂရမ်ပါအထုပ် ၁၆ ထုပ်ခန့် ကုန်ကျကြောင်း၊ စိုက်ပျိုးရာတွင် မြေအောက်ရေတင်စနစ်ဖြင့် စိုက်ပျိုးပြီး တစ်ပေခွဲအကွာ ကျင်းများတူး၍ အစေ့ချစိုက်ပျိုးရကြောင်း၊ စိုက်ပျိုးမှုကုန်ကျစရိတ်အနေဖြင့် မျိုး၊ သွင်းအားစု၊ လုပ်သားခ အပါအဝင် တစ်ဧကလျှင် ငွေကျပ် ၁၅ သိန်းခန့် ကုန်ကျကြောင်း၊ အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် အလုံးရေ ၁၀၀၀-၁၅၀၀ ခန့်ထွက်ရှိပြီး ဈေးနှုန်းအနေဖြင့် ဖွန်လ ဒုတိယပတ်တွင် ရွှေဖရုံသီးတစ်လုံးလျှင် အကြီး၊ အသေးအပေါ်မူတည်၍ လက်ကားဈေးငွေကျပ် ၃၀၀၀-၄၀၀၀ ဈေးနှုန်းအသီးသီးဖြင့် ရောင်းချရပြီး အကျိုးအမြတ်အနေဖြင့် တစ်ဧကလျှင် ငွေကျပ် ၁၄ သိန်းခန့် ရရှိကြောင်း၊ ဈေးကွက်အနေဖြင့် လက်လီလက်ကားကုန်စိမ်းသည်များက စိုက်ခင်းအထိ လာရောက်ဝယ်ယူကြပြီး မုံရွာမြို့ပေါ်ရှိ ကုန်စိမ်းပွဲရုံများသို့ တင်ပို့ရောင်းချကြကြောင်း၊ ရွှေဖရုံသီးပင် စိုက်ပျိုးခြင်းသည် အသီးများသာမက အညွန့် (အရွက်)များပါ ရောင်းချရသောကြောင့် အပိုဝင်ငွေများရရှိပြီး ယခုနှစ်တွင် ဈေးနှုန်းကောင်းမွန်သောကြောင့် တောင်သူများအနေဖြင့် အကျိုးအမြတ်များပိုမိုရရှိကာ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**Source :** https://myantrade.gov.mm/

## ပုစွန်တင်ပို့မှုကန့်သတ်ချက်များအပေါ် ဆွေးနွေးညှိနှိုင်းပေးရန် မွေးမြူရေးသမားများ တောင်းဆို



ဖွန်လ ၁ ရက်နေ့မှစ၍ မလေးရှားက ထိုင်းပုစွန်တင်သွင်းမှုအပေါ် စစ်ဆေးမှုများ တင်းကျပ်တော့မည်ဖြစ်ရာ နှစ်စဉ် ဘတ် ၄ ဘီလီယံခန့်တန်ဖိုးရှိ ထိုင်းပုစွန်ပို့ကုန်ကဏ္ဍကို ထိခိုက်လာနိုင်သဖြင့် မလေးရှားအာဏာပိုင်များနှင့် အရေးပေါ်တွေ့ဆုံဆွေးနွေးပေးရန် ထိုင်းနိုင်ငံတောင်ပိုင်းရှိ ပုစွန်မွေးမြူရေးသမားများက အစိုးရအား တောင်းဆိုလိုက်သည်။

မလေးရှား ကကတစ်ငါး (Seabass) တင်သွင်းမှုများတွင် ဓာတုဆေးဝါးအကြွင်းအကျန်များ တွေ့ရှိမှုကြောင့် ထိုင်းနိုင်ငံကပိတ်ပင်ခဲ့ရာမှ ယခုကဲ့သို့မလေးရှား၏ တန်ပြန်တင်းကျပ်မှု စတင်ခဲ့ပြီး၊ မလေးရှားနှင့် စင်ကာပူတို့သို့ ပုစွန်တင်ပို့မှုများကို ထိခိုက်လာနိုင်ကြောင်း ထိုင်းပုစွန်မွေးမြူရေးလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ Preecha Sukkasem က ပြောကြားခဲ့သည်။

မလေးရှား၊ ကကတစ်ငါးတင်ပို့သူများက ဆုန်ခလာခရိုင် (Songkhla) ရှိ ဆာဒါအို (Sadao) နယ်စပ်စစ်ဆေးရေးဂိတ်၌ ၁ ရက်မှ ၂ ရက်ခန့် စစ်ဆေးမှုများသည် ငါးလတ်ဆတ်မှုကို ထိခိုက်စေသဖြင့် တိုင်ကြားမှုများရှိခဲ့ကြောင်း၊ ယခု ထိုင်းပုစွန်ပို့ကုန်အပေါ်တွင် စစ်ဆေးမှုများကြန့်ကြာပါက လတ်ဆတ်သောပုစွန်တင်ပို့မှုတန်ဖိုးကို ကျဆင်းစေနိုင်ကြောင်း၊ ထိုအခါ ပြည်တွင်းဈေးကွက်၌ သက်သာသောဈေးနှုန်းများဖြင့် ရောင်းချလိမ့်မည်ဖြစ်ကြောင်း၊ ဆုံးရှုံးမှုပမာဏမည်မျှရှိမည်ကို မခန့်မှန်း

နိုင်ကြောင်း Preecha Sukkasem ပြောကြားခဲ့သည်။

ဆုန်ခလာခရိုင် (Songkhla) မှ လွှတ်တော်အမတ် ChaiyongManeerungsakul က ဆုံးရှုံးမှုများ မဖြစ်ပေါ်စေရန်အတွက် ဝန်ကြီးချုပ်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ စိုက်ပျိုးရေးနှင့်သမဝါယမဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်ရန်၊ မလေးရှားနိုင်ငံနှင့် ဆွေးနွေးညှိနှိုင်းမှုများကို လျင်မြန်စွာလုပ်ဆောင်ပေးရန် ပြောကြားထားသည်။

**Source : https://www.bangkokpost.com/**

https://commerce.gov.mm/

## သတ်မှတ်ချက်ကိုက်ညီသော အာဖရိက ၅၃ နိုင်ငံမှ ကော်ဖီစေ့များကို တင်သွင်းခွင့်ပြုမည့် တရုတ်



တရုတ်၏ သတ်မှတ်ချက်ကိုက်ညီသော အာဖရိက ၅၃ နိုင်ငံမှ ကော်ဖီစေ့များကို ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်မှစ၍ တင်သွင်းခွင့်ပြုမည်ဖြစ်ကြောင်း၊ အာဖရိကနိုင်ငံ အများစုအတွက် အဓိကစိုက်ပျိုးရေးထွက်ကုန်နှင့် စီးပွားရေးအထောက်အကူဖြစ်သော ကော်ဖီစေ့များသည် ငရုတ်သီးခြောက်ပြီးလျှင် တရုတ်ဈေးကွက်သို့ ရောဂါပိုးမွှား ကင်းစင်မှုအပြည့်ဖြင့်ဝင်ရောက်ခွင့်ရရှိသည့် ဒုတိယ မြောက် အာဖရိကစိုက်ပျိုးရေးထွက်ကုန်ဖြစ်လာကြောင်း တရုတ်၊ အထွေထွေအကောက်ခွန်ဦးစီးဌာန (GAC) က ကြေညာလိုက်သည်။

အီသီယိုပီးယားနှင့် ဘူရွန်ဒီအပါအဝင် အာဖရိကနိုင်ငံအချို့သည် တရုတ်နိုင်ငံသို့ ကော်ဖီစေ့တင်ပို့ခွင့်ရရှိထားသော်လည်း မောရစ်ရှပ်၊ အင်ဂိုလာ၊ တိုဂို၊ ဂီနီ၊ လိုင်ဘေးရီးယားနှင့် ဆောင်တူမေးနှင့် ပရင်စီပီ အပါအဝင် အခြားအာဖရိကနိုင်ငံအချို့မှာ တင်ပို့ခွင့် လျှောက်ထားနေရကြောင်း တရားဝင်အချက်အလက်များအရ သိရသည်။

အာဖရိက၏ ကော်ဖီထုတ်လုပ်မှုနှင့် ပိုးမွှားအန္တရာယ်ထိန်းချုပ်ရေးစနစ်များကို အကဲဖြတ်စစ်ဆေးမှုများ ဆောင်ရွက်ပြီးနောက် GAC က အပင်ပိုးမွှားကင်းစင်ရေးသတ်မှတ်ချက်များကို တစ်ပြေးညီ ထုတ်ပြန်ခဲ့ပြီး၊ ယခင်က နိုင်ငံတစ်နိုင်ငံချင်းစီ သီးသန့်ညှိနှိုင်းရသည့် ရောဂါပိုးမွှားကင်းစင်ရေး သဘောတူညီချက်များကို ပယ်ဖျက်ကာ ဈေးကွက် ဝင်ရောက်ခွင့် လုပ်ငန်းစဉ်များကို သိသိသာသာ လွယ်ကူလျင်မြန်စေခဲ့သည်။

ရောဂါပိုးမွှားကင်းစင်ရေးဆိုင်ရာ အပြည့်အဝဝင်ရောက်ခွင့်ရရှိခြင်းသည် နယ်စပ်စစ်ဆေးမှုများမှ ကင်းလွတ်ခွင့်ရခြင်းကို ဆိုလိုခြင်းမဟုတ်ဘဲ ကုန်စည်အားလုံးသည် GAC ၏ ၂၀၂၆ ခုနှစ် ကြေညာချက်အမှတ် ၆၈ တွင် ပြဋ္ဌာန်းထားသည့် သတ်မှတ်ချက်များကို မပျက်မကွက် လိုက်နာရမည်ဖြစ်ကြောင်း အတွင်းစကားများအရ သိရသည်။

အရည်အသွေးပိုမိုမြင့်မားပြီး အန္တရာယ်ကင်းစိတ်ချရသည့် အာဖရိက၊ လယ်ယာနှင့် စားသောက်ကုန်ပစ္စည်းများကို တရုတ်ဈေးကွက်သို့ ပိုမိုတင်သွင်းနိုင်ရန် အဆင့်မြှင့်တင်ထားသော Green Channel ကုန်သွယ်မှုလွယ်ကူချောမွေ့ရေးနည်းလမ်းများကို ဆက်လက်အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း GAC က တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

**Source : https://www.kbc.co.ke/**

https://commerce.gov.mm/

# STOCK EXCHANGE (18.6.2026)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 18th Jun. 2026

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 19,204 (Shares) | 145,415,850 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 16,000 | -500 | -3.03% | 16,000 | 16,500 | 16,000 | 1,142 | 18,293,000 | 33,109,694 | 529,755 |
| MTSH | 00002 | 8,400 | -100 | -1.18% | 8,400 | 8,400 | 8,400 | 7,276 | 61,118,400 | 38,929,150 | 327,005 |
| MCB | 00003 | 12,000 | -1,000 | -7.69% | 12,500 | 12,500 | 10,500 | 1,377 | 16,557,000 | 10,400,986 | 124,812 |
| FPB | 00004 | 7,300 | -400 | -5.19% | 6,800 | 7,500 | 6,800 | 3,610 | 26,132,900 | 31,144,738 | 227,357 |
| TMH | 00005 | 3,400 | -100 | -2.86% | 3,450 | 3,450 | 3,400 | 8 | 27,250 | 12,823,224 | 43,599 |
| EFR | 00006 | 2,000 | +0 | +0.00% | 1,900 | 2,000 | 1,900 | 2,589 | 4,963,800 | 19,977,223 | 39,955 |
| AMATA | 00007 | 3,950 | -150 | -3.66% | 4,000 | 4,000 | 3,950 | 452 | 1,790,100 | 10,497,598 | 41,466 |
| MAEX | 00008 | 6,000 | +0 | +0.00% | 6,000 | 6,100 | 6,000 | 2,750 | 16,533,400 | 23,804,946 | 142,830 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 18th Jun. 2026

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 778.53 | -24.34 | -3.03% | 772.63 | 789.63 | 772.63 | 19,204 | 145,415,850 | 8 | 1,476,779 |

**Index chart**




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 18th Jun. 2026

| Trading Volume | Trading Value |
|---|---|
| 22,315 (Shares) | 275,213,350 (MMK) |

### Main Board

As of 1:00 pm, 18th Jun. 2026

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 19,204 (Shares) | 145,415,850 (MMK) |

| MYANPIX | 778.53 ▼ 24.34 |
|---|---|
| Total Volume (shares) | 19,204 |
| Total Value (MMK) | 145 mil |
| Listed Company | 8 |
| Market Cap. (MMK) | 1,476,779 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 16,000 | ▼ 500 |
| MTSH | 00002 | 8,400 | ▼ 100 |
| MCB | 00003 | 12,000 | ▼ 1,000 |
| FPB | 00004 | 7,300 | ▼ 400 |
| TMH | 00005 | 3,400 | ▼ 100 |
| EFR | 00006 | 2,000 | ▲ 0 |
| AMATA | 00007 | 3,950 | ▼ 150 |
| MAEX | 00008 | 6,000 | ▲ 0 |